SCVG
Youth for Youth, Youth for Community

IOM
UN MIGRATION

COVID–19 ကမ္ဘာ့ကပ်ရောဂါ နှင့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ

# အပူပိုင်းဒေသအား လေ့လာဆန်းစစ်ခြင်း



မကွေးတိုင်းဒေသကြီးရှိ တိုက်နယ်ဆေးရုံသို့ COVID–19 ကျန်းမာရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းနေစဉ်။ © အိုင်အိုအမ် ၂၀၂၀

## ခြုံငုံသုံးသပ်ခြင်း

ဤလေ့လာဆန်းစစ်မှုကို ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) နှင့် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းအဖွဲ့ (SCVG)တို့မှ အလုပ်သမားညွှန်ကြားရေးဦးစီး ဌာန နှင့် အနီးကပ်ညှိနှိုင်းမှုဖြင့် ကောက်ယူခဲ့သည်။ လေ့လာဆန်းစစ်မှုတွင် မကွေးတိုင်းဒေသကြီးမှ မြို့နယ်သုံးခုဖြစ်သော ပခုက္ကူ၊ အောင်လံ နှင့် သရက်မြို့တို့ပါဝင်ပြီး မန္တလေးတိုင်းဒေသကြီးမှ မိတ္ထီလာ၊ တောင်သာ နှင့် သပိတ်ကျင်း မြို့နယ်သုံးခု ပါဝင်သည်။[၁]

လေ့လာအကဲခတ်မှု၏ ရည်ရွယ်ချက်များမှာ –

၁ နေရပ်ပြန်လာသူများနှင့် ၎င်းတို့၏ အသိုင်းအဝန်း/ ရပ်ရွာကြား တွေ့ကြုံရသော အခက်အခဲများနှင့် အနာဂါတ် ရည်မှန်းချက်များကို သိရှိနားလည်ရန်။

၂ COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် နေရပ်ပြန်များ ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ဖြေရှင်းရာတွင် သက်သေအထောက်အထားအခြေပြုသည့် တုန့်ပြန်မှုအား အထောက်အကူဖြစ်စေရန်။

## ရွှေ့ပြောင်းအလုပ်လုပ်ရာမှ နေရပ်သို့ ပြန်လာခြင်း

စစ်တမ်းကောက်ယူခဲ့သော နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ၂,၃၁၁ ဦးတွင် ၃၈၆ ဦး သို့မဟုတ် ၁၇% သော (အမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၁၇၅ ဦး) တို့သည် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်ပြန်လာခဲ့ကြသည်။[၂] အပူပိုင်းဒေသမှ စစ်တမ်းကောက်ခဲ့သော ၁၈၃ ဦး (၄၇%) တို့သည် ပြည်ပမှ နေရပ်ပြန်လာသူများဖြစ်ကြပြီး ၂၀၃ ဦး (၅၃%) တို့မှာ ပြည်တွင်းမှ ပြန်လာကြသူများဖြစ်သည်။ ၉၆ ဦး (၅၂%) သော ပြည်ပမှ နေရပ်ပြန်လာသူများတွင် ၇၃ ဦး (၄၀%)သည် တရုတ်နိုင်ငံမှ ပြန်လာသူများဖြစ်ပြီး၊ ၇၃ ဦး (၄၀%) တို့သည် ထိုင်းနိုင်ငံမှ ပြန်လာကြသူများဖြစ်ကာ ကျန်ရှိသော ၁၄ ဦး (၈%) တို့မှာ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုးရီးယားနိုင်ငံတို့မှ ပြန်လာကြသူများဖြစ်သည်။

အပူပိုင်းဒေသမှ စစ်တမ်းဖြေဆိုသူများ၏ ၃၇% မှ ၎င်းတို့နေရပ်ပြန်လာရခြင်းမှာ COVID–19 ကပ်ရောဂါအား ကြောက်ရွံ့မှုကြောင့်ဟု

[၁] စစ်တမ်းကောက်ယူမှုတွင် အသုံးပြုခဲ့သည့် နည်းစနစ်အသေးစိတ်နှင့် လေ့လာတွေ့ရှိချက် အပြည့်အစုံကို အစီရင်ခံစာတွင် ကြည့်ရှုပါရန်။
[၂] တင်ပြပုံအစီရင်ခံစာ ရည်ရွယ်ချက်အတွက် ရာခိုင်နှုန်း ကိန်းဂဏန်းများကို ရာနှုန်းပြည့် အနီးစပ်ဆုံး အတိုချုပ်ဖော်ပြထားပါသည်။ ဒသမကိန်းများကြောင့် ၁၀၀ ရာခိုင်နှုန်း အပြည့် မဖော်ပြနိုင်ခြင်းဖြစ်ပါသည်။

Funding for this assessment was provided by the Livelihoods and Food Security Fund (LIFT)

Livelihoods and Food Security Fund
managed by UNOPS

ဖြေကြသည်။ ဖြေဆိုသူများ၏ ၂၂% မှာမူ ကပ်ရောဂါရလဒ်အဖြစ် အလုပ်အကိုင် ဆုံးရှုံးကြသောကြောင့် ပြန်လာကြသည်ဟု ဖြေကြကာ ၁၆% မှာမူ COVID-19 ကြောင့် ၎င်းတို့၏ မိသားစုများမှ ပြန်လာရန် ပြောသောကြောင့်ဟုဖြေကြသည်။ ၁၅% သော စစ်တမ်းဖြေဆိုသူများမှာမူ ၎င်းတို့ နေရပ်ပြန်လာရခြင်းမှာ COVID-19 နှင့်ဆက်စပ်မှုမရှိဘဲ ၁၀% ကမူ သင်္ကြန်ကာလ အားလပ်ရက်၊ မြို့များပိတ်ထားခြင်း (Lock-down)မှ ရှောင်ရန်နှင့်ဆိုက်ရောက်နိုင်ငံတွင် တွေ့ကြုံရသော အခက်အခဲကြောင့်စသည့် အခြားသော အကြောင်းအရာများကြောင့် ပြန်လာကြသည်ဟု ဖြေကြသည်။

အပူပိုင်းဒေသတွင် ပြန်လည်ရောက်ရှိလာသည့် ပြည်ပမှနေရပ်ပြန်များနှင့် ပြည်တွင်းနေရပ်ပြန် အရေအတွက်မှာ တူညီလုနီးပါးဖြစ်ရာ ၎င်းက ဤဒေသရှိ ရွှေ့ပြောင်းလုပ်သားအုပ်စုနှစ်မျိုးစလုံးအပေါ်တွင် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများကို နှိုင်းယှဉ်နိုင်ရန် ခွင့်ပြုပေးသည်။ နေရပ်ပြန်လာရသည့် အကြောင်းရင်းများမှာ ပြည်တွင်းနေရပ်ပြန် နှင့် ပြည်ပနေရပ်ပြန်များအကြား အနည်းငယ်ကွဲပြားသည်။ အပူပိုင်းဒေသ စစ်တမ်းဖြေဆိုသည့် အုပ်စုမှ အချိုးအစားအများဆုံးဖြစ်သော နေရပ်ပြန် (ပြည်တွင်းမှ ပြန်လာသူ ၃၇% နှင့် ပြည်ပမှ ပြန်လာသူ ၃၅%) တို့မှ ၎င်းတို့ပြန်လာရခြင်း အကြောင်းအရင်းမှာ ကြောက်လန့်ကြသောကြောင့် ထွက်ပြေးရခြင်းဖြစ်ပြီး၊ အလုပ်အကိုင် ဆုံးရှုံးသောကြောင့် နေရပ်ပြန်ကြသည့် ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ၏ အချိုးအစားသည် ၎င်း၏ ပြည်ပမှ ပြန်လာသူ အချိုးအစားထက်(၂၈% နှင့် ၁၅% ဟူ၍) သိသိသာသာများသည်ကို တွေ့ရသည်။ အခြားတစ်ဖက်မှာမူ ပြည်ပမှ ပြန်လာသူရွှေ့ပြောင်းလုပ်သားများ၏ ၂၆% နှင့် ပြည်တွင်းမှ ပြန်လာသူများ၏ ၇% တို့မှ ၎င်းတို့ နေရပ်ပြန်လာရခြင်းမှာ ကမ္ဘာ့ကပ်ရောဂါနှင့် သက်ဆိုင်မှုမရှိကြောင်း အသီးသီးဖြေဆိုကြသည်။

နိုင်ငံအလိုက် ပြန်လာရသည့် အကြောင်းအရင်းများကို ခွဲခြမ်းစိတ်ဖြာရာတွင် COVID-19 ကပ်ရောဂါကို ကြောက်လန့်ကြ သောကြောင့် ပြန်လာကြသည်ဟု တရုတ်နိုင်ငံမှ ပြန်လာသူ (၂၁%) ဖြေကြားကြပြီး နှင့် ထိုင်းနိုင်ငံမှ ပြန်လာသူ (၅၉%) တို့မှ ပိုမိုများပြားစွာ ဖြေဆိုခဲ့ကြသည်။ ဆန့်ကျင်ဘက်အားဖြင့် တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့သော အပူပိုင်းဒေသမှ နေရပ်ပြန်များ၏ ၂၆% သည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့သော နေရပ်ပြန်များ၏ ၃% ထက် အလုပ်အကိုင် ဆုံးရှုံးခြင်းကြောင့် ပြန်လာရသည်ဟုဆိုကြသည်။

အပူပိုင်းဒေသရှိ နေရပ်ပြန်ရွှေ့ပြောင်းအမျိုးသမီး (၂၂%) သည် အမျိုးသား (၁၀%) ထက်ပို၍ ၎င်းတို့၏ မိသားစုများမှ ပြန်လာခိုင်းသောကြောင့် နေရပ်ပြန်ကြခြင်းဖြစ်ပြီး နေရပ်ပြန်အမျိုးသား (၃၉%) သည် အမျိုးသမီး (၃၃%) ထက်ပို၍ COVID-19 ကပ်ရောဂါကို ကြောက်လန့်ကြသောကြောင့် နေရပ်ပြန်ကြခြင်းဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း၏ ၂၀% ကျော်မှာ အလုပ်အကိုင်ဆုံးရှုံးခြင်းကြောင့် ပြန်လာကြသည်ဟုဖြေပြီး၊ အမျိုးသမီးနေရပ်ပြန် ၂၂% မှ အမျိုးသား ၁၀% ထက်ပို၍ မိသားစုများမှ COVID-19 ရောဂါကြောင့် ပြန်လာခိုင်းကြသည်ဟု ဖြေကြသည်။

အပူပိုင်းဒေသမှ ရွှေ့ပြောင်းလုပ်သား ၃၀% တို့သည် မိမိနေရပ်သို့ မပြန်လာခင်တွင် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများခံစားကြရသည်ဟု ဖြေပြီး ၇% က ခွဲခြားဆက်ဆံခံရခြင်း (သို့) နှိမ်ချအပြစ်တင်ခံရခြင်းတို့ ခံစားကြရသည်ဟု ဆိုသည်။ ၇% ကျော်မှ လူမှုဝန်ဆောင်မှုများ (ဥပမာ - ကျန်းမာရေးဝန်ဆောင်မှုများ) အားနည်းသည်ဟု ဖြေပြီး၊ ၄% မှ "အခြား" သော စိန်ခေါ်မှုများကိုကြုံတွေ့ရကာ ၁% မှ ခြိမ်းခြောက်မှုများခံရသည်ဟု ဖြေသည်။ အဆိုပါနေရပ်ပြန်များမှ ၅၁% မှာ အထက်ပါအချက်များ တွေ့ကြုံခံစားကြခြင်းနှင့် သက်ဆိုင်မှုမရှိ ဟုဖြေကြသည်။


အပူပိုင်းဒေသမှ အမျိုးသမီးများ (၉%) မှ အမျိုးသားများ (၆%) ထက်ပို၍ ခွဲခြားဆက်ဆံခံရခြင်း (သို့) နှိမ်ချအပြစ်တင်ခံရခြင်း ခံစားကြရသည်ဟု ဆိုသည်။

အပူပိုင်းဒေသရှိ ပြည်ပမှ ပြန်လာသူ ရွှေ့ပြောင်းလုပ်သား (၃၄%) မှ ပြည်တွင်းမှ ပြန်လာသူ (၂၆%) ထက် ပို၍ မိမိနေရပ်သို့ ပြန်မလာခင်ကတည်းက စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများခံစားရသည်ဟု ဖြေကြားခဲ့ကြသည်။ အပူပိုင်းဒေသရှိ ပြည်ပမှ ပြန်လာသူ ၅၇% နှင့် ပြည်တွင်းမှ ပြန်လာသူ ၄၀% တို့သည် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ မခံစားကြရဟု ဖြေကြသည်။ ထိုင်းနိုင်ငံမှ ပြန်လာသော ရွှေ့ပြောင်းလုပ်သားများ (၃%) ထက် အချိုးအစား ပိုမိုများသော တရုတ်နိုင်ငံမှ ပြန်လာသော ရွှေ့ပြောင်းလုပ်သားများ (၁၇%) တို့သည် လူမှုရေးဝန်ဆောင်မှုများ လျော့နည်းသွားကြောင်းဖြေပြီး၊ ခွဲခြားဆက်ဆံခြင်းခံရမှုကို တရုတ်နိုင်ငံမှ နေရပ်ပြန် (၁၀%) နှင့် ထိုင်းနိုင်ငံမှ နေရပ်ပြန်များ (၃%) မှ ခံစားကြရသည်ဟု ဖြေကြသည်။

အပူပိုင်းဒေသသို့ ပြန်လာသော နေရပ်ပြန်များမှလည်း မိမိတို့နေရပ်ပြန်လာပြီးနောက် တွေ့ကြုံရသော တူညီသောစိန်ခေါ်မှုများကို ထုတ်ဖော်ဖြေဆိုကြသည်။ (**ဇယား ၁ - ကိုကြည့်ရန်။**) ဖြေဆိုသူများ၏ ၅၁% မှာ စစ်တမ်းတွင် ဖော်ပြထားသော အတွေ့အကြုံများ ကြုံတွေ့ရခြင်းမရှိဟု ဖြေဆိုပြီး၊ လေးပုံတစ်ပုံသော ဖြေဆိုသူများ ၂၇% (အမျိုးသမီး ၂၆%၊ အမျိုးသား ၂၉%) သည် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ မြင့်တက်လာသည်ဟု ဖြေကာ၊ ဖြေဆိုသူ ၁၂% (အမျိုးသမီး ၁၅%၊


အိုင်အိုအမ် ဝန်ထမ်း နှင့် COVID-19 ကော်မတီအဖွဲ့မှ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် COVID-19 ကာကွယ်ရေးဆိုင်ရာ ကြော်ငြာပိုစတာကပ်နေစဉ်။ © အိုင်အိုအမ် ၂၀၂၀

## ဇယား (၁) နေရပ်ပြန်စဉ် တွေ့ကြုံခဲ့ရသော အကြောင်းအရာများ




အမျိုးသား ၉%) မှာ ခွဲခြားဆက်ဆံခံရခြင်း (သို့) နှိမ်ချအပြစ်တင်ခံရခြင်းများခံစားကြရသည်ဟု ဖြေသည်။

နေရပ်ပြန်ရောက်သည်နှင့် အပူပိုင်းဒေသမှ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ၏ ၉၈% တို့သည် နေအိမ်တွင် သို့မဟုတ် ရပ်ရွာအခြေပြု အသွားအလာကန့်သတ်ထားသော နေရာများတွင် နေကြရန် တောင်းဆိုခြင်းခံရသည်။ ထိုတည်းတူစွာပင် နေရပ်ပြန်အမြောက်အများ (မကွေးမှ ၉၉% နှင့် မန္တလေးမှ ၁၀၀%) တို့သည်လည်း အထက်ပါ အသွားအလာကန့်သတ်ထားသော နေရာများတွင် နေကြရသည်။ အသွားအလာကန့် သတ်ထားသောနေရာတွင် Quarantine ဝင်နေသောသူများမှ အသွားအလာကန့်သတ်မှု အခြေအနေများမှ ဖြစ်ပေါ်လာသော စိန်ခေါ်မှုများစွာကို ထုတ်ဖော်ကြသည်။ ဥပမာအားဖြင့် အပူပိုင်းဒေသမှ စစ်တမ်းကောက်ယူသော နေရပ်ပြန်များ၏ ၃၀% မှာ အကာအကွယ် နှင့် တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများ လုံလောက်မှုမရှိဟု ဖြေကြပြီး၊ ၁၄% မှာ အစားအသောက်များ လုံလောက်မှုမရှိဟု ဖြေဆိုကြသည်။ ၁၁% မှာ ၎င်းတို့တွင် အစားအသောက်မဟုတ်သော ပစ္စည်းများလုံလောက်မှုမရှိဟု ဖြေကာ၊ နောက်ထပ် ၁၀% မှ အသွားအလာကန့်သတ်ထားသောနေရာများတွင် စီမံခန့်ခွဲမည့် စေတနာ့ဝန်ထမ်းများလုံလောက်မှုမရှိဟု ဖြေကြသည်။ ပြည်ပ နှင့် ပြည်တွင်း နေရပ်ပြန်တို့၏ အသွားအလာကန့်သတ်ထားသော နေရာများနှင့်ပတ်သက်ပြီး လိုအပ်ချက်များမှာ အလားတူပင် ဖြစ်သည်။

## စီးပွားရေးအခြေအနေ

မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုဝင်များသည် ရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်လာပြီးကတည်းက ဝင်ငွေဆုံးရှုံးမှုများ နှင့် လွှဲပို့ငွေများ လျော့နည်းကျဆင်းလာမှုကြောင့် ရုန်းကန်နေကြရသည်။ အပူပိုင်းဒေသမှ စစ်တမ်းကောက်ခဲ့သော နေရပ်ပြန်အားလုံး၏ ၅၇% (အမျိုးသား ၆၀% နှင့် အမျိုးသမီး ၅၂%) မှာ ၎င်းတို့မိသားစု၏ တစ်ခုတည်းသော အဓိကဝင်ငွေဖြစ်သည့် လွှဲပို့ငွေများ လက်ခံရရှိခြင်းမရှိတော့ဟုဖြေ ကြသည်။ ၁၆% (အမျိုးသား ၁၃% နှင့် အမျိုးသမီး ၂၀%) ကသာ ၎င်းတို့၏ တစ်ခုတည်းသော အဓိကဝင်ငွေ ဖြစ်သည့် လွှဲပို့ငွေကို အရင်ကအတိုင်းလက်ခံရရှိကြောင်း ဖြေကြသည်။ နောက်ထပ် ၁၆% (အမျိုးသား ၁၃% နှင့် အမျိုးသမီး ၁၈%) က လွှဲပို့ငွေမှာ ၎င်းတို့မိသားစုအတွက် အဓိကဝင်ငွေ မဟုတ်ဟု ဖြေပြီး၊ ၁၂% (အမျိုး သား ၁၄% နှင့် အမျိုးသမီး ၁၀%) တို့က လွှဲပို့ငွေသည် ၎င်းတို့ မိသားစုအတွက် တစ်ခုတည်းသော အဓိကဝင်ငွေ ဖြစ်သော်လည်း အနည်းငယ်သာ လက်ခံရရှိကြောင်းဖြေကြသည်။

အပူပိုင်းဒေသရှိ ပြည်ပမှ ပြန်လာသူများ နှင့် ပြည်တွင်းမှ ပြန်လာသူများ၏ မိသားစုဝင်များတွင် လွှဲပို့ငွေ ဆုံးရှုံးခြင်းနှင့်ပတ်သက်၍ အနည်းငယ်မျှသာ ကွာခြားမှုရှိသည်။ အလားတူပင် ထိုင်းနိုင်ငံ နှင့် တရုတ်နိုင်ငံမှ ပြန်လာသည့် နေရပ်ပြန်များ၏ လွှဲပို့ငွေဆုံးရှုံးခြင်းနှင့်ပတ်သက်ပြီး အတွေ့အကြုံများသည်လည်း အနည်းငယ်မျှသာ ကွာခြားမှုရှိသည်။

လွှဲပို့ငွေဆုံးရှုံးခြင်းသည် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ စီးပွားရေး အခြေအနေများအပေါ် သက်ရောက်မှုရှိသော်လည်း ရေရှည်တည်တံ့သော စီးပွားရေးလုပ်ခတ်မှုများကို ခံနိုင်ရည်ရှိခြင်းသည် ဒေသတစ်ခုနှင့် တစ်ခု၊ အိမ်ထောင်တစ်စု နှင့် တစ်စု ကွဲပြားသည်။ အပူပိုင်းဒေသရှိ အိမ်ထောင်စုများသည် အထူးသဖြင့် ထိုကဲ့သို့သော လုပ်ခတ်မှုများကြောင့်ထိခိုက်လွယ်ပုံရပြီး ဖြေဆိုသူ ၈၃% မှာ ၎င်းတို့တွင် မည်သည့် စုဆောင်းငွေမျှမရှိကြောင်း၊ ၁၃% မှာ စုဆောင်းထားသော်လည်း အသုံးပြုမှု မြင့်တက်နေကြကြောင်း၊ ၅% ကသာလျှင် စုဆောင်းငွေရှိပြီး ၎င်းကို အသုံးပြုရန် မလိုအပ်သေးကြောင်း ဖြေဆိုခဲ့ကြသည်။ အမျိုးသမီးရော အမျိုးသားများပါ အိမ်ထောင်စု ငွေကြေးစုဆောင်းမှုနှင့်ပတ်သက်၍ တူညီသော ဖြေဆိုမှုရှိခဲ့ကြသည်။

လွှဲပို့ငွေများ ကုန်ဆုံးလာသည်နှင့်အမျှ အခြားစီးပွားရေးမရှိသော အိမ်ထောင်စုများသည် ပြင်ပမှ စီးပွားရေးအကူအညီများကို ရှာဖွေကြရတော့သည်။ ဝင်ငွေကွာဟမှုကို ဖြည့်ဆည်းရန်အတွက် ငွေချေးယူခြင်းဖြင့် ဖြစ်ပေါ်လာသော အချို့ကိစ္စရပ်များတွင် လက်ရှိ အိမ်ထောင်စု ကြွေးမြီများကို ပိုမိုဆိုးဝါးစေခဲ့သည်။ စစ်တမ်းကောက်ခဲ့သော အပူပိုင်းဒေသရှိ ၄၁% မှာငင်းတို့တွင် ကြွေးမြီများရှိပြီး၊ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားစအချိန်မှစပြီး ပိုမိုဆိုးဝါးလာခဲ့သည်ဟု ဖြေကြသည်။ ၃၈% မှာ ကြွေးမြီမရှိကြောင်းဖြေပြီး ၂၁%မှာ ၎င်းတို့တွင် ကြွေးမြီများရှိသော်လည်း ကပ်ရောဂါကြောင့် သက်ရောက်မှုမရှိဟု ဖြေသည်။ အိမ်ထောင်စုကြွေးမြီနှင့်ပတ်သက်၍ အမျိုးသားနှင့် အမျိုးသမီးအုပ်စု နှစ်ခုစလုံးတွင် တူညီသော သက်ရောက်မှုရှိသည်။

အပူပိုင်းဒေသသို့ပြန်လာသည့် ပြည်ပနေရပ်ပြန်များနှင့် ပြည်တွင်းနေရပ်ပြန်များတွင် ကြွေးမြီနှင့်ပတ်သက်၍ အနည်းငယ်မျှသာ ကွာခြားမှုရှိသည်။ သို့ရာတွင် တရုတ်နိုင်ငံမှ ပြန်လာသည့်နေရပ်ပြန် အမြောက်အများ (၆၁%)သည် ထိုင်းနိုင်ငံမှပြန်လာသည့် နေရပ်ပြန် (၁၆%) ထက်ပိုမိုပြီး ကြွေးမြီများရှိကာ ကပ်ရောဂါကြောင့် အခြေအနေ ပိုမိုဆိုးဝါးခဲ့သည်ဟု ဖြေကြသည်။

## ရည်ရွယ်ချက်များ

ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများမှ ရှေ့ဆက်ဘာတွေလုပ်ကြမည်ကို စဉ်းစားရန်လိုအပ်လာပါသည်။ စစ်တမ်းကောက်ယူခဲ့သော အပူပိုင်းဒေသမှ နေရပ်ပြန် ၂၁၉ ဦး (၅၇%) မှာ ထပ်မံရွှေ့ပြောင်းသွားလာမည်ဟု ဖြေကြသည်။ အဆိုပါ အပူပိုင်းဒေသမှ ထပ်မံရွှေ့ပြောင်းရန်အစီအစဉ်ရှိသည့် ရွှေ့ပြောင်းလုပ်သား ၅၅% (အမျိုးသား ၅၂% နှင့် အမျိုးသမီး ၅၆%) မှာ ဖြစ်နိုင်လျှင် အမြန်ဆုံးထပ်မံရွှေ့ပြောင်းရန် အစီအစဉ်ရှိကြောင်း ဖြေကြသည်။ ၁၂ % မှာ လာမည့်နှစ်အတွင်း ပြန်လည်ရွှေ့ပြောင်းမည်ဟုဆိုပြီး ၁၆% မှာ လာမည့် (၁) လကနေ (၃) လအတွင်း ပြန်လည်ရွှေ့ပြောင်းမည်ဟု ဖြေကြသည်။ စစ်တမ်းဖြေဆိုသူ ၁၅% မှာ ၎င်းတို့ဘာတွေ ဆက်လုပ်မည်ကို မသိကြသေးကြောင်းဖြေဆိုသည်။

ပြည်ပနေရပ်ပြန်များ ၅၄% နှင့် ပြည်တွင်းနေရပ်ပြန်များ ၅၄% အုပ်စုနှစ်ခုစလုံးမှာ ရွှေ့ပြောင်းခွင့်ရလျှင်ရခြင်း ထပ်မံရွှေ့ပြောင်းအလုပ်လုပ်ကိုင်ချင်သည့် စိတ်ဆန္ဒရှိကြောင်း ဖြေဆိုကြသည်။ ထိုင်းနိုင်ငံမှ ပြန်လာသည့် နေရပ်ပြန် ၇၃% မှာ တရုတ်နိုင်ငံမှ ၃၈% နှင့် နှိုင်းယှဉ်ပါက ဖြစ်နိုင်လျှင် အမြန်ဆုံး ပြန်လည်ရွှေ့ပြောင်းရန် စီစဉ်ထားကြောင်း ဖြေကြသည်။ တရုတ်နိုင်ငံမှ နေရပ်ပြန် ၂၆% မှာ ထိုင်းနိုင်ငံမှ ၉% နှင့်ယှဉ်လျှင် ၎င်းတို့၏ ပြန်လည်ရွှေ့ပြောင်းခြင်း အစီအစဉ်ကို မသိသေးကြောင်း ဖြေကြသည်။

အပူပိုင်းဒေသမှ နေရပ်ပြန် ၇၅% (အမျိုးသား ၆၈% နှင့် အမျိုးသမီး ၈၅%) တို့မှ ၎င်းတို့၏ ယခင်အလုပ်အကိုင်များရှိရာနေရာတွင် ပြန်လည်အလုပ်လုပ်ကိုင်လိုကြောင်း ဖြေကြသည်။ ၂၅% (အမျိုးသား ၃၃% နှင့် အမျိုးသမီး ၁၅%) မှာ ယခင်အလုပ်နှင့်မတူသော နေရာများ သွားရောက်လုပ်ကိုင်ရန် အစီအစဉ်ရှိကြောင်းပြောသည်။ ၆၈% မှာ ကမ္ဘာ့ကပ်ရောဂါမဖြစ်ပွားခင် ၎င်းတို့ လုပ်ကိုင်ခဲ့သော အလုပ်အကိုင်အမျိုးအစားကို ပြန်လည်လုပ်ကိုင်မည်ဟုပြောပြီး၊ ၃၂% မှာ ယခင်အလုပ်အကိုင်များနှင့်မတူသော အလုပ်အကိုင်မျိုးလုပ်ကိုင်မည်ဟု ပြောသည်။ ထပ်မံရွှေ့ပြောင်းရန်အစီအစဉ်ရှိသည့် အမျိုးသမီး နေရပ်ပြန်များ၏ ၇၆% မှာ အမျိုးသား ၆၁% နှင့်ယှဉ်လျှင် ၎င်းတို့ ယခင်အလုပ်လုပ်ခဲ့သောနေရာတွင် အလုပ်ပြန်ရှာမည်ဟု ဖြေဆိုခဲ့ကြသည်။

အပူပိုင်းဒေသမှ ထပ်မံရွှေ့ပြောင်းရန် အစီအစဉ်မရှိသော နေရပ်ပြန်များ၏ ၅၂% (အမျိုးသား ၄၉% နှင့် အမျိုး သမီး ၅၅%) တို့မှာ စိုက်ပျိုးရေးကဏ္ဍများတွင် အလုပ်လုပ်ကိုင်ရန်အစီအစဉ်ရှိပြီး၊ ၃၄% (အမျိုးသား ၃၈% နှင့် အမျိုးသမီး ၂၉%) တို့မှာ ကြုံရာကျပန်းအလုပ်၊ ၇% (အမျိုးသား ၅% နှင့် အမျိုးသမီး ၁၁%) မှာ စစ်တမ်းတွင်ဖော်ပြခြင်းမရှိသော အလုပ်အကိုင်အမျိုးအစားများ လုပ်ကိုင်ရန် အစီအစဉ်ရှိကာ၊ ၂% (အမျိုးသား ၃% နှင့် အမျိုး သမီး ၂%) မှ အိမ်တွင်းလုပ်ငန်းများလုပ်ကိုင်မည်ဟု ဖြေဆိုကြသည်။ ထိုင်းနိုင်ငံမှ ပြန်လာသည့် နေရပ်ပြန်များ ၏ ၆၉% သည် တရုတ်နိုင်ငံမှ ပြန်လာသည့် နေရပ်ပြန် ၄၀% ထက်ပို၍ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်ရန် အစီအစဉ်ရှိသည်ဟု ဖြေဆိုခဲ့ကြပါသည်။

နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ နှင့် ၎င်းတို့၏ မိသားစုများသည် COVID-19 နှင့်သက်ဆိုင်သည့် ခရီးသွားလာခွင့်ကန့်သတ်ချက်များအား ရုပ်သိမ်းခြင်း သို့မဟုတ် ဖြေလျှော့ခြင်းများနှင့်ပတ်သက်ပြီး ဘာတွေဖြစ်မည်ကို စောင့်ကြည့်နေစဉ် ဝင်ငွေအရင်းအမြစ်မရှိဘဲ နေထိုင်ရခြင်းအခက်အခဲကို ဖြေရှင်းရန် အကူအညီရနိုင်မည့် လတ်တလော လိုအပ်ချက်များရှိနေပါသည်။ ၃၁% မှာ အစားအသောက်သည် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်းဖြေကြပြီး ၂၇% မှာ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အထောက်အပံ့များ၊ ၁၅% မှာ သွားတိုက်ဆေး၊ ဆပ်ပြာ စသည်တို့ကဲ့သို့သော တစ်ကိုယ်ရည်သုံးပစ္စည်းများလိုအပ်ကြောင်း ဖြေကြသည်။ နောက်ထပ် ၁၀% မှာ နိုင်ငံသားဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းများ ချက်ချင်းလိုအပ်မှုရှိသည်ဟု ဖြေပြီး ၁၂% မှာ ကျန်းမာရေးစောင့်ရှောက်မှု၊ အဝတ်အစား၊ ဥပဒေဆိုင်ရာအထောက်အပံ့ နှင့် စိတ်ပိုင်းဆိုင်ရာထောက်ပံ့ကူညီရေးတို့အပါအဝင် အခြားသော လိုအပ်မှုများရှိသည်ဟု ဖြေကြသည်။ အပူပိုင်းဒေသရှိ အမျိုးသားနှင့် အမျိုးသမီးတို့သည် လတ်တလော (ချက်ချင်း) လိုအပ်မှုများနှင့်ပတ်သက်၍ ထုတ်ဖော်ဖြေဆိုမှုများ တူညီကြသည်။


အခြေအနေများ တိုးတက်ကောင်းမွန်လာပါက နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် လိုအပ်သည့် လတ်တလော (ချက်ချင်း) လိုအပ်ချက်များအပြင်၊ စီးပွားရေး၊ လူမှု

ရေး နှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များလည်း ထောက်ပံ့ရန် လိုအပ်သည်။ (**ဇယား ၂** – ကိုကြည့်ရန်) အပူပိုင်းဒေသမှ စစ်တမ်းဖြေဆိုသည့် နေရပ်ပြန် ၂၃% (အမျိုးသား ၂၅% နှင့် အမျိုးသမီး ၂၂%) မှာ စီးပွားရေးလုပ်ငန်းများစတင်ခြင်း အထောက်အပံ့များမှ အကျိုးခံစားနိုင်မည်ဟု ဖြေပြီး၊ ၂၂% (အမျိုးသား ၂၃% နှင့် အမျိုးသမီး ၂၂%) မှာ ကျွမ်းကျင်မှုဆိုင်ရာ သက်မွေးပညာသင်တန်းများ နှင့် ၁၇% (အမျိုးသား ၁၆% နှင့် အမျိုးသမီး ၁၈%)မှာ မိမိတို့နေရပ်တွင် အလုပ်အကိုင်ရှာဖွေခြင်းအတွက် အကူအညီများလိုအပ်သည်ဟု ဖြေကြသည်။

## နိဂုံး

နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ၏ အတွေ့အကြုံများအပေါ် စစ်တမ်းတွေ့ရှိချက်အရ အပူပိုင်းဒေသသို့ ပြန်လာသော ပြည်ပမှ နေရပ်ပြန်များနှင့် ပြည်တွင်းနေရပ်ပြန်များ၏ အတွေ့အကြုံများမှာ တူညီမှုရှိသော်လည်း အလုပ်အကိုင်ဆုံးရှုံးမှုကြောင့် ပြန်လာသော ပြည်တွင်းရွှေ့ပြောင်းလုပ်သားအချို့အစားသည် ပြည်ပနေရပ်ပြန်များထက် သိသိသာသာများနေသည်ကို တွေ့ရသည်။ ပြည်ပနေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများအကြားတွင် တရုတ်နိုင်ငံမှ ပြန်လာသူများသည် အလုပ်အကိုင်ဆုံးရှုံးနိုင်ခြေများသည့်အတွက် ထိုင်းနိုင်ငံမှ ပြန်လာသူများထက် ပိုမိုဆိုးရွားသည့် အနေအထားတွင်ရှိသည်။ အပူပိုင်းဒေသမှ ထပ်မံရွှေ့ပြောင်းရန် အစီအစဉ်ရှိသည့် နေရပ်ပြန် ၈၀% သည် ၎င်းတို့ယခင်အလုပ်လုပ်ကိုင်ခဲ့သောနေရာတွင် ပြန်လည်အလုပ်လုပ်ကိုင်ရန် ရည်မှန်းထားကြသည်။ ယခုကမ္ဘာ့ကပ်ရောဂါ အခြေအနေကြောင့် မည်သည့်အချိန်တွင် ထပ်မံရွှေ့ပြောင်းနိုင်မည်ကို ခန့်မှန်းရန် ခက်ခဲနေစဉ်တွင် အခြေအနေ စတင်ကောင်းမွန်လာသည်နှင့် အပူပိုင်းဒေသမှ နေရပ်ပြန်ထက်ဝက်ကျော်မှ စီးပွားရေးစတင်ခြင်းဆိုင်ရာအထောက်အပံ့ (သို့မဟုတ်) သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများသည် ၎င်းတို့အတွက် အကျိုးရှိမည်ဟု ဖြေကြသည်။

ဇယား (၂) အခြေအနေတိုးတက်ကောင်းမွန်လာပါက အကျိုးအရှိဆုံးအထောက်အပံ့ အမျိုးအစားများ




**ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)**
လိပ်စာ – အမှတ် (၅၀/ခ)၊ သီရိမင်္ဂလာ ၂ လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း – (+၉၅) ၉ ၇၃၂၃၆၆၇၉–၈၀၊ (+၉၅) ၁ ၅၃၂၂၇၉၊ ၅၂၃၅၀၉ ဖက်စ် – (+၉၅) ၁ ၅၃၂၂၇၉ အီးမေးလ် – iomyangon@iom.int
ဝက်ဘ်ဆိုဒ် – myanmar.iom.int/en ဖေ့စ်ဘွတ်ခ် – facebook.com/MissMigration